myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

April 8, 2019 Volume 18, Number 6

၈.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၅/ကျပ် |
| CBM Rate | = ၁၅၀၆.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၆.၅ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၁.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၁၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၂၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၄၈ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၃၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၁၃၂ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ဒေါ်အောင်ဆန်းစုကြည် တရုတ်ခရီးစဉ်တွင် ဆန်တန်ချိန်နှစ်သိန်း ရောင်းချရေး MoU ထိုးရန် အသင်းချုပ် ပြင်ဆင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်နိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံမှ တရားဝင်ဆန်တန် ချိန်နှစ်သိန်းရောင်းချရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ပြင်ဆင် နေသည်။

ဘေဂျင်းမြို့၌ ဧပြီ နောက်ဆုံးပတ်တွင် ပြုလုပ်မည့်ဒုတိယအကြိမ် Belt and Road Forum သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက်ရန် ဖိတ်ကြားထားသည်။ အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တရုတ်နိုင်ငံမှ COSCOကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း MRF အသင်းချုပ်အတွင်းရေးမှူး ဦးလူမော်မြင့်မောင် ကပြောသည်။ ‘MoU ထိုးဖို့ကတော့ သေ ချာပါတယ်” ဟု ၎င်းကပြောသည်။ တရုတ်နိုင်ငံသို့ တရားဝင် ဆန်ရောင်းချနိုင်မည့် အခြေအနေ က လက်ရှိတွင် ဝမ်းသာစရာသတင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်း ဒုတိယ ဥက္ကဋ္ဌဦးနေလင်းက ပြောသည်။

တရုတ်နိုင်ငံမှ ဆန်ဝယ်ယူမည့် ကုမ္ပဏီသည် ယခင်က တန်ချိန် တစ်သိန်းကို မြန်မာနိုင်ငံမှဝယ်ယူသည့် ကုမ္ပဏီဖြစ်ပြီး ယခုဝယ်ယူပါက ဒုတိယအကြိမ် ဝယ်ယူခြင်းဖြစ်သည်။ ပထမအကြိမ် မြန်မာနိုင်ငံမှ ဆန်ဝယ်ယူစဉ် ပင်လယ်ရေကြောင်းမှ ဝယ်ယူခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ဆန် ရောင်းချရန် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှင့် ပင်လယ်ရေကြောင်း နှစ်မျိုးဖြင့် တင်ပို့ရောင်းချသည်။ တရုတ်နိုင်ငံသို့ ဆန်ရောင်းချရာတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အများဆုံး ရောင်းချသည်။

ယူနန်ပြည်နယ်မှ တရုတ်ကုန်သည်များက နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာ့ဆန်ဝယ်ယူရာတွင် တရားမဝင် နည်းလမ်းဖြင့်သာ ဝယ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၈ အောက်တိုဘာနောက်ပိုင်းက စတင်ပြီး တရုတ်နိုင်ငံ၌ တရားမဝင် ကုန်သွယ်ရေး တိုက်ဖျက်မှု ဆောင်ရွက်ချိန်တွင် နယ်စပ်မှ ဆန်တင်ပို့နိုင်ခြင်းမရှိပေ။

ထိုအခြေအနေကြောင့် ၂၀၁၉ ဖေဖော်ဝါရီလလယ်တွင် မူဆယ်၌ ဆန်အိတ်ရေ ၁၀ သိန်း (တန်ချိန် ငါးသောင်းခန့်) ပိတ်မိနေသည်။ ထိုအခြေအနေကို

ကျော်လွှားရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် ဆန်တန်ချိန် လေးသိန်း ရောင်းချရန် ယူနန်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းထားသည်။

သို့သော် ကုန်ပစ္စည်းဖလှယ်သည့် (ဘာတာစနစ်) ဖြင့် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဘက်မှ ဆန်ရောင်းချ ရန် အဆင်ပြေသော်လည်း တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာ၊ သံချောင်း၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းခြင်း နှင့်ပတ်သက်ပြီး လုပ်ကိုင်ရန် အခက်အခဲ အနည်းငယ်ရှိကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က သွင်းကုန်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းရန်စီစဉ်နေကြောင်း ပြောသည်။

**Source:** http://www.7daydaily.com/story/153887



## တရုတ်နိုင်ငံသို့ ယခုနှစ်အတွင်း ဖရဲ၊ သခွား တန်ချိန် ၁၀ သိန်းခန့် တင်ပို့နိုင်မည်ဟုဆို

တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေခြင်းကြောင့် နယ်စပ်မှ ဖရဲ၊ သခွားတင်ပို့မှု ယခုနှစ် တွင် တန်ချိန် ၁၀ သိန်းခန့်အထိ ရှိလာနိုင် ကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဗိုလ် က ပြောသည်။

ယမန်နှစ်က တရုတ်နိုင်ငံသို့ မူဆယ် နယ်စပ်မှ ဖရဲ၊ သခွား တင်ပို့မှု တန်ချိန် ရှစ်သိန်းခန့်ရှိသဖြင့် ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းခန့်တိုးတက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ အပူချိန်မြင့်တက်လာခြင်းကြောင့် မြန်မာနိုင်ငံမှ သစ်သီးဝယ်လိုအား ကောင်းမွန် နေကြောင်း ၎င်းက ပြောသည်။ "ဒီရက်ပိုင်းမှာ အသီးရောင်းအားက တက်နေတယ်" ဟုဦးစိုင်းမြင့်ဗိုလ်ကပြောသည်။ မြန်မာ နိုင်ငံ၏ ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်သည့် ရာသီသည် မေလကုန်အထိ ရှိနေခြင်းကြောင့် သစ်သီးဈေးကွက် အရှိန်ကောင်းနေမည်ဟု မုံရွာမှ ဖရဲသီးစိုက်ပျိုးသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ၌ မူဆယ်သို့နေ့စဉ် ဖရဲ၊ သခွားအဝင်ကားအစီးရေ ၅၀၀ ခန့်ရှိနေပြီး တရုတ်နိုင်ငံသို့ ကျင်စန်းကျော့ဂိတ်၊ ပန်ဆန်းဂိတ်တို့မှ တင်ပို့နေသည်။ တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းသို့ လမ်းကြောင်း နှစ်ခုမှ တင်ပို့နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာလည်း မရှိတော့ကြောင်း မူဆယ်မြို့မှ ကုန်တင်ယာဉ် ပိုင်ရှင်တစ်ဦးက ပြောသည်။

တရုတ်နိုင်ငံမှ ဝယ်လိုအား ကောင်းနေခြင်းကြောင့် သင်္ကြန်ရက်များတွင်ပင် သစ်သီးတင်ပို့ ရောင်းချမည်ဟု ဦးစိုင်းမြင့်ဗိုလ်က ပြောသည်။ လက်ရှိ၌မူဆယ်တွင် ဖရဲသီး တစ်တန်လျှင် အရည်အသွေးပေါ် မူတည်ပြီး ယွမ် ၂,၀၀၀ မှ ၃,၀၀၀ အကြားဈေး ရှိနေသည်။ ငွေလဲနှုန်းက တရုတ်ငွေတစ်ယွမ်လျှင် ၂၂၅ ကျပ်ဖြစ်သည်။ ထို့ကြောင့် ဖရဲတစ်တန်လျှင် ကျပ်လေးသိန်း ခွဲမှ ခြောက်သိန်းခုနစ်သောင်းအ ကြားဈေးရှိသည်။

**Source:** http://www.7daydaily.com/story/154004

## ကုန်ချင်းဖလှယ်စနစ် ကျင့်သုံးမည်

နိုင်ငံရဲ့ကုန်သွယ်မှုကဏ္ဍ တိုးတက်စေဖို့ ရှေ့ဆက်ပြီး ကုန်ချင်းဖလှယ်စနစ် (counter trade) ကိုပါ ကျင့်သုံး သွားမယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေထဲမှာ ဖော်ပြထားပါတယ်။

လက်ရှိနိုင်ငံရဲ့ ကုန်သွယ်မှုမှာ ကျင့်သုံးနေတာက နှစ်နိုင်ငံကုန်သွယ်မှု (bilateral trade) နဲ့ နယ်စပ်ကုန်သွယ်မှု

(border trade) တို့ဖြစ်ပါတယ်။ ကုန်ချင်း ဖလှယ်တဲ့စနစ်ကိုတော့ သည့်နှစ်မှ စတင် အကောင်အထည် ဖော်လာတာဖြစ်ပြီး လက်ရှိမှာလည်း တရုတ်နိုင်ငံနဲ့ လယ်ယာထွက်ကုန် တင်ပို့မှုအပိုင်းမှာ သည်စနစ်နဲ့ စတင် ဆောင်ရွက်နေဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ကုန်ချင်း ဖလှယ်တဲ့ စနစ်ဆိုတာဟာ ကိုယ့်နိုင်ငံက တင်ပို့လိုက်တဲ့ ကုန်စည် ပမာဏအတိုင်း တစ်ဖက်နိုင်ငံကနေ ပြန်လည်တင်သွင်းရမှာ ဖြစ်ပါတယ်။

မူဆယ်မြို့မှ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် ဦးချမ်းသာဦးက သည်စနစ်ကို ကျင့်သုံးမယ်ဆိုရင် exporter တွေ အနေနဲ့ importer တွေနဲ့ ချိတ်ဆက် ဆောင်ရွက်နိုင်မယ်လို့ အဆင်ပြေမယ်လို့ သုံးသပ်ထားပါတယ်။ စီးပွားကူးသန်းအနေနဲ့ ၂၀၂၀ -၂၀၂၅ ခုနှစ်အတွက် ရေးဆွဲ မယ့် အမျိုးသားပို့ကုန် မဟာဗျူဟာ မှာလည်း ကုန်သွယ်မှုကဏ္ဍ တိုးတက်စေဖို့ ကဏ္ဍငါးခုကို ဦးစား ပေးတိုးမြှင့် သွားမှာဖြစ်ပြီး ဦးစား ပေးကဏ္ဍများအနက် ပိုမို ဦးစား ပေးဆောင်ရွက်သင့်တဲ့ ကဏ္ဍများ (Top Priorities) ကိုလည်း ရွေး ချယ်ဆောင်ရွက်သွားမယ် လို့ သိရပါ တယ်။

ဒါ့အပြင် ကုန်သွယ်မှုတိုးမြှင့်ရေးနဲ့ ပတ်သက်ပြီး ဥပဒေပိုင်းမှာ ဆိုရင်လည်း ပြည်ပက လျှော့ဈေးနဲ့ စုပုံတင်ပို့လာတဲ့ ကုန်ပစ္စည်းတွေကို တားဆီးနိုင်ဖို့နဲ့ ပြည်တွင်းထုတ် ကုန်များအပေါ် ထိခိုက် နစ်နာမှုဖြစ် ပေါ်လာပါက သွင်းကုန်အပေါ် safe guard duty ဒါမှမဟုတ် ကိုတာသတ်မှတ်ပြီး ပြည်တွင်း လုပ်ငန်းရှင် ထိခိုက်မှုကို ကုစားပေး နိုင်မယ့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်အောင်လည်း ဆောင်ရွက်နေပါတယ်။

သည်ဥပဒေကတော့ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ အ ကာအကွယ်ပေးမှုဥပဒေ(The Safeguard Law on Increased Imports) ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၇ ခု နှစ် ကတည်းက ပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်နေ တာဖြစ်ပါ တယ်။ဒါ့အပြင် ကုန်သွယ်မှုကဏ္ဍ တစ်ခုလုံး ကို လွှမ်းခြုံနိုင်မယ့် ကုန်သွယ် မှု ဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်း နိုင်ဖို့ လည်း ကမ္ဘာ့ဘဏ် ၊ GIZ တို့နဲ့ ဥပဒေ ကြမ်းရေးဆွဲလျက်ရှိ တယ် လို့ သိရပါတယ်။

နိုင်ငံအနေနဲ့ လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်းပေါင်း ၁၄,၀၀၀ ကျော်ရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကာလတူထက် ကန်ဒေါ်လာ နှစ်သန်းကျော်ပိုမို ကုန်သွယ်ထားတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-32996

## တရုတ်နိုင်ငံမှ အာလူးတန်ချိန် သောင်းနှင့်ချီပြီး တရားမဝင် ဝင်ရောက်လျက်ရှိ ပြည်တွင်းရှိ အာလူးစိုက်တောင်သူများ ဈေးကွက်ရပ်တည်ရန် အခက်ကြုံနေကြ

တရုတ်နိုင်ငံမှ အာလူးတန်ချိန် သောင်းနှင့်ချီပြီး တရားမဝင် ဝင်ရောက်မှု များလာ၍ ပြည်တွင်းရှိ အာလူးစိုက် တောင်သူများ ဈေးကွက်ရပ်တည်ရန် ခက်ခဲနေကြောင်း အာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းထွေး (ခ) ဦးအောင်သန်းကျော် က ဧပြီ ၆ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။

"ကျွန်တော် တောင်သူတွေဆီက အာလူး ကုန်ပစ္စည်းထွက်နေတဲ့အချိန်မှာ တရုတ်ပြည်က အာလူး တအားဝင် နေတဲ့အတွက် ဈေးတအားပြုတ်ကျပြီး ကျွန်တော်တို့နိုင်ငံရဲ့ထုတ်လုပ်မှုစရိတ် ဈေးနှုန်းတောင်မရတဲ့ အခြေအနေ ဖြစ်နေတယ်။ ထုတ်လုပ်မှုစရိတ် တက်သွားပြီးတော့ ရင်းနှီးမြှုပ်နှံမှုမှာ တအားကြီး မြင့်သွားတဲ့အတွက်ကြောင့်မို့လို့ တောင်သူတွေမှာ အများကြီးနစ်နာရပါတယ်။ ဈေးကွက်တည်ငြိမ်ရေး၊ ပွဲစားတွေရဲ့ဈေးကစားမှုကြောင့် တောင်သူ တွေက အကျိုးအမြတ်ရရှိသင့်သလောက် မရရှိပါဘူး" ဟု ၎င်းက ပြောဆိုသည်။

ပြည်တွင်းအာလူးစိုက် တောင်သူများအနေဖြင့် သွင်းအားစုဈေးနှုန်းကြီးမြင့်မှု၊ ပြည်ပမှ စိုက်ပျိုးရေး သွင်းအားစုအနေဖြင့် တင်သွင်းသောမျိုးစေ့ကို အခွန် ၁၅ ရာခိုင်နှုန်းပေးဆောင်ရမှု၊ အစိုးရမှ ချေးငွေ မရရှိမှုများ၊ မိရိုးဖလာ စိုက်ပျိုးနေရပြီး နည်းပညာမရရှိမှုများအပြင် တရုတ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် အာလူးများ ကြောင့် ပြည်တွင်းဈေးကွက် မယှဉ်ပြိုင်နိုင်ဘဲ ထုတ်လုပ်မှု ကုန်ကျ စရိတ်အောက်သာ ရရှိနေရကြောင်း ၎င်းက ပြောဆိုသည်။

"စိုက်ပျိုးရေး သွင်းအားစုအနေဖြင့် တင်သွင်းလာသော မျိုးစေ့များ စက်ကိရိယာများကို ဂျူတီသုည သတ်မှတ်ထားပေမယ့် မျိုးစေ့တင်သွင်းတာကို အခွန် ၁၅ ရာခိုင်နှုန်း တရားဝင်ဆောင်ခဲ့ရပါတယ်။ အသနားခံစာ

တင်ပြထားတဲ့အတွက် လာမယ့်နှစ်မှာ အခွန် ၁၅ ရာခိုင်နှုန်းကို လျှော့ပေးမယ်လို့ ကြားသိရ ပါတယ်။ ကျွန်တော်တို့ဆီမှာ မျိုးကောင်းမျိုးသန့် မရှိတဲ့အတွက် ကျွန်တော်တို့တောင်သူတွေက နှစ်ခါ နှစ်နာရတဲ့သဘော ဖြစ်ပါတယ်"ဟု ၎င်းက ပြောဆိုသည်။ ယင်းအပြင် ပြည်တွင်း စားသုံးသူများ အနေဖြင့်လည်း ပွဲစားများ၏ ဈေးကစားမှုနှင့် နှစ်ဆင့်သုံးဆင့် ကြားခံနယ်များကြောင့် ဈေးနှုန်းကြီးမြင့်နေသည့် အခြေအနေများ ရှိနေသည့် အတွက်လည်း မလိုလားအပ်ဘဲ ကုန်ကျနေသည့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန် ဝိုင်းဝန်း အဖြေရှာသွားနိုင်မှသာ ထိုက်သင့်သည့်အကျိုးများ ရရှိမည်ဖြစ်သည်။

"လွန်ခဲ့တဲ့ သုံးလေးနှစ်က တရုတ်ပြည်က အာလူး တရားမဝင် ဝင်ရောက်လာတာက တန်ချိန်သောင်းနဲ့ချီ ရှိနေပါတယ်။ တရားမဝင် ဝင်ရောက်လာတာကို ကျွန်တော်တို့က လုံးဝပိတ်ဖို့တော့ မဆိုလိုပါဘူး။ ကျွန်တော်တို့ နိုင်ငံကို တရားမဝင် များများစားစားဝင်လာတဲ့အတွက် နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာ ဆုံးရှုံးပါတယ်။ နိုင်ငံတော်ကို တရားဝင် တောင်သူကာကွယ်ရေးဥပဒေအရ သတ်မှတ်ထားတဲ့ အခွန်များကို တရားဝင်ဆောင်ပြီးမှ တင်သွင်းခွင့်ပြုဖို့ မေတ္တာရပ်ခံတောင်းဆို သွားမှာပါ"ဟု ၎င်းက ပြောဆိုသည်။

ထို့ကြောင့် အစိုးရအနေဖြင့် တောင်သူများ အမှန်တကယ် လိုအပ်နေသည့် အရည်အသွေးနှင့် အထွက်နှုန်း ကောင်းသည့် မျိုးစေ့များ၊ စက်ကိရိယာများ၊ ခေတ်မီနည်းပညာများ၊ အအေးခန်းသိုလှောင်ရုံများ၊ ဈေးငွေ ထုတ်ချေးမှု များ၊ ဈေးကွက်တည်ငြိမ်ရေးနှင့် တောင် သူများ အကျိုးစီးပွား အကာအကွယ်ပေးသည့် ဥပဒေများစသည်တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း အာလူးအစုအဖွဲ့ ဒု—ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ပြောဆိုသည်။

"အခုတောင်သူတွေ စိုက်ပျိုးနေတဲ့မျိုးကတော့ တရုတ်နယ်စပ်က ဝင်လာတဲ့ ဘာမှန်းမသိတဲ့မျိုး၊ အမျိုးအမည် မသိတဲ့မျိုးတွေကို အများဆုံး စိုက်ပျိုးနေရတာပါ။ နဂိုစိုက်ခဲ့တဲ့ မျိုးတွေကတော့ ဒေသရင်းမျိုး ဖြစ်ပါတယ်။ နှစ်ပေါင်းလည်း တော်တော်ကြာပြီဆိုတော့ စိုက်ရင်းစိုက်ရင်း အရည်အသွေး တွေ နိမ့်လာပြီးတော့ အထွက်နှုန်းက တော်တော်ကျဆင်းသွားပါတယ်။ ဒါကြောင့် အထွက်နှုန်းကောင်းမယ့် မျိုးစေ့မျိုးသန့်တွေကို အသင်းကနေပြီးတော့ ကြိုးစား ရှာဖွေပေးနေပါတယ်။ အဓိကက ပွဲစားတွေ ဆီကမျိုးကို အကြွေးယူတာများတယ်။ ထွက်လာလို့ရှိရင်လည်း ပွဲစားတွေဆီကို ပြန်သွင်းရတော့ ဈေးနှိမ်ခံရတာရှိတယ်။ ဒါကလည်း အရင်းအနှီး လိုအပ်ချက်ကြောင့်လို့ ကျွန်တော် မြင်တယ်။ အစိုးရ ပိုင်းကတောင်သူတွေကို ဈေးငွေထုတ်ပေးဖို့ ကျွန်တော်တို့ အသင်းအနေနဲ့ ကြိုးစားနေပါတယ်" ဟု ၎င်းက ပြောဆိုသည်။

လက်ရှိပြည်တွင်းတွင် အာလူးစိုက်ဧက စုစုပေါင်း ၉၀၀၀၀ ကျော်ရှိပြီး ရှမ်းပြည်နယ် တွင် ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးနေပြီး မကွေးတိုင်းတွင်လည်း စိုက်ပျိုးလျက်ရှိရာ တစ်နှစ်ပတ်လုံး အာလူးထွက်ရှိလျက် ရှိသည်။ ပြည်တွင်း စားသုံးမှုမှာ စာရင်းအချက်အလက် ကောက်ယူထားခြင်းမရှိ၍ တိတိကျကျ ခန့်မှန်းရန် ခက်ခဲကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/122128.html

## လျှော်ဖြူ(ဆေးကုလားမ)ဈေးနှုန်းများနှစ်ဆနီးပါးမြင့်တက်

ယခင်နှစ်ထက် လျှော်ဖြူဈေးနှုန်းများမှာ နှစ်ဆနီးပါးတက်လာကြောင်း မြန်မာလျှော်ဖြူ စိုက်ပျိုး ထုတ်လုပ်သူများ အသင်းမှသိရပါတယ်။ ယခုလဆန်းပိုင်းအတွင်း လျှော်ဖြူအစေးများ အဝယ်လိုက်လာ တာကြောင့် ဈေးနှုန်းများမှာ ထိပ်စတစ်ပိဿာကို နှစ်ဆနီးပါး တက်လာတာဖြစ်ကြောင်း မြန်မာလျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိန်က ပြောပါတယ်။

"အခုလဆန်းပိုင်းအတွင်းမှာပဲ လျှော်ဖြူက အဝယ်လိုက်လာတယ်။ အရင်လက လျှော်ဖြူက ဈေးငြိမ်နေတယ်။ အခုဒီရက်လေးအတွင်းမှာပဲ ဖြစ်သွားတာ။ ဝယ်လက်တွေကလည်း ဈေးမြှင့်ပြီးပေးကြတော့ ဈေးက တက်လာ တာပါ"

ယခင်လက လျှော်ဖြူတစ်ပိဿာကို ကျပ် ၁၈၀၀၀ ဝန်းကျင်သာရှိနေပြီး ယခုဧပြီလဆန်းပိုင်းအတွင်း လျှော်ဖြူတစ်ပိဿာကို ကျပ် ၃၅၀၀၀ သာရှိတော့ကြောင်း မြန်မာလျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ သိရပါတယ်။

လျှော်ဖြူပင်ကို မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ စိုက်ပျိုးကြောင်းလည်း မြန်မာလျှော်ဖြူစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရပါတယ်။

**Source:** https://www.facebook.com

## မြန်မာနိုင်ငံ၏ ဂျီဒီပီ ခန့်မှန်း

၂၀၃၀ တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) သည် ကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ မြင့်တက်လာမည်ဟု မြန်မာနိုင်ငံ၌ အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသော Prudential Corporation Asia ကုမ္ပဏီက ခန့်မှန်းသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့က တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအကြားရှိမည်ဟု ခန့်မှန်းသည်။ ယခု ဘဏ္ဍာနှစ် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ စက်တင်ဘာအထိ မြန်မာနိုင်ငံ၏ ဂျီဒီပီတန်ဖိုးသည် ကျပ် ၁၀၆,၀၉၆ ဘီလီယံ ရှိမည်ဟု အစိုးရဘတ်ဂျက်တွင် ခန့်မှန်းထားသည်။
ဘတ်ဂျက် (အစိုးရ၏ တစ်နှစ်တာရငွေ၊ သုံးငွေလျာထား စာရင်း) ၌ မြန်မာနိုင်ငံ၏ ဂျီဒီပီတန်ဖိုးကို တွက်ရာတွင် ငွေလဲနှုန်းကို ကန်တစ်ဒေါ်လာလျှင် ၁,၃၆၀ ကျပ်ဖြင့် ရေးဆွဲတွက်ချက်ထားသည်။ အဆိုပါငွေလဲနှုန်းဖြင့် ဆိုပါက မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ဒေါ်လာ ၇၈ ဘီလီယံကျော်သာရှိသည်။ နိုင်ငံတကာငွေကြေးအဖွဲ့ အစည်းများ၏ ခန့်မှန်းထားသော ဂျီဒီပီတိုးတက်မှုနှုန်းအရ တစ်နှစ်လျှင် ဒေါ်လာခြောက်ဘီလီယံ အောက်တွင် ရှိနေသည်။
Prudential Corporation Asia သည် အာဆီယံ ရှစ်နိုင်ငံနှင့် တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ထိုင်ဝေတို့တွင် အာမခံလုပ်ငန်းများ တည်ထောင်ထားသော ဗြိတိန်နိုင်ငံ၏ အာမခံလုပ်ငန်းခွဲတစ်ခုအဖြစ် ရပ်တည်နေသည့် ကုမ္ပဏီတစ်ခု ဖြစ်သည်။

ဧပြီ ၅ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံခွင့် ပြုပေးခဲ့သော နိုင်ငံခြား အသက်အာမခံကုမ္ပဏီ ငါးခုတွင် ပါဝင်သည့် Prudential အာမခံ ကုမ္ပဏီက ၂၀၂၀ ပြည့် နှစ်တွင် မြန်မာနိုင်ငံ၌ အလယ်အလတ်တန်းနှင့် ချမ်းသာကြွယ်ဝသူဦးရေ ၁၅ ရာခိုင်နှုန်းခန့်ရှိမည် ခန့်မှန်းရသည်။

ထို့အပြင် အာမခံလုပ်ငန်းကဏ္ဍ ဖြေလျှော့ပေးမှုက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရည်အသွေးမီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းနှင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ခြင်းကို ဆောင်ကြဉ်း ပေးနိုင်ကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိ Mr Nic Nicandrou က ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သော နိုင်ငံခြားအာမခံကုမ္ပဏီ ငါးခုတွင် အမေရိကန်၊ ဂျပန်၊ ဟောင်ကောင်နှင့် ကနေဒါနိုင်ငံတို့မှ ကုမ္ပဏီများ ပါဝင်သည်။ နိုင်ငံခြား အာမခံကုမ္ပဏီများ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းကြောင့် သက်ဆိုင်ရာနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု များလည်း ထပ်မံဝင်ရောက်လာနိုင်သော အခွင့်အရေးရရှိမည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/local-industry/1760-the-country-s-estimated-gdp.html

## ရုံးပိတ်ရက်နီးလာချိန် ဒေါ်လာတန်ဖိုးကျ

နှစ်သစ်ကူးရုံးပိတ်ရက် နီးလာချိန်တွင် ပြည်တွင်းငွေကြေး ဈေးကွက်၌ ကန်ဒေါ်လာတန်ဖိုး ဆက်တိုက် ကျဆင်းပြီး ဧပြီ ၃ ရက်တွင် တစ်ဒေါ်လာ ၁,၄၈၀ သို့ ရောက်ရှိကာ ကျပ်ငွေ တန်ဖိုးမြင့်တက် လာခဲ့ပါတယ်။ ဒေါ်လာတန်ဖိုး

ကျဆင်းရခြင်းက ပြည်ပမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုလျော့နည်းခြင်းကြောင့်ဟု မြန်မာနိုင်ငံ မော်တော်ယာဉ် တင်သွင်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောခဲ့ပါတယ်။



"ဆောက်လုပ်ရေးပစ္စည်းတွေ၊ လူသုံးကုန်တွေ သွင်းတာနည်းတယ်လေ"ဟု ဒေါက်တာစိုးထွန်းက ပြောခဲ့ပါတယ်။ ပြည်တွင်း ငွေကြေးဈေးကွက်နှင့် နီးစပ်စွာ သတ်မှတ်လိုသော ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက ဧပြီ ၃ ရက်တွင် တစ်ဒေါ်လာ ၁,၅၀၈ ကျပ် သတ်မှတ်ထားခဲ့ပါတယ်။ ဒေါ်လာတန်ဖိုး ကျဆင်းနေခြင်းကြောင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာဝယ်လိုအား လျော့နည်း စေကြောင်း ငွေလဲလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောခဲ့ပါတယ်။

ဒေါ်လာတန်ဖိုး ကျဆင်းသကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းက အခေါက်ရွှေ တစ်ကျပ်သားကျပ် ဆယ်သိန်း လေးသောင်းခန့်ဈေး ရှိနေခဲ့ပြီး ကမ္ဘာ့ရွှေဈေးနှုန်းကလည်း တစ်အောင်စလျှင် ၁,၂၉၃ ဒေါ်လာဈေး ရှိခဲ့ပါတယ်။ မတ်လ အတွင်းက ပြည်တွင်းရွှေဈေး ကျပ်ဆယ်သိန်းခြောက်သောင်းခန့် ရှိသော်လည်း ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် လက်ရှိပြည်တွင်းရွှေဈေး လိုက်ပါကျဆင်းခြင်းဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့က ပြောပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/local-industry/1749-holiday-approaches-dollar.html

## ကုန်သွယ်မှုလိုငွေ နှစ်ဘီလျံနီးပါး လျော့ချနိုင်ခဲ့

အစိုးရရဲ့ တတိယ တစ်နှစ်တာ ကာလအတွင်းမှာ ကုန်သွယ်မှုလိုငွေကို ပြီးခဲ့တဲ့နှစ်ထက် ကန်ဒေါ်လာ နှစ်ဘီလျံ နီးပါး လျော့ချနိုင်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အဓိက တာဝန်ဟာ ပြည်တွင်းပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုး တက်ဖို့နဲ့ ပို့ကုန်ပမာဏ တိုးတက်အောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကနေ မတ်လ ၃၁ ရက်နေ့အထိ ကုန်သွယ်မှု ပမာဏဟာ ကန်ဒေါ်လာ ၃၄ ဘီလျံအထိရှိကာ ကုန်သွယ်လိုငွေ ကန်ဒေါ်လာ ၃.၈၃ ဘီလျံအထိရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကနေ ဖေဖော်ဝါရီလ ၂၂ရက်နေ့မှာတော့ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၂ ဘီလျံအထိရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁.၈၉ ဘီလျံအထိရှိကာ ကာလတူထက် ကန်ဒေါ်လာ ၁.၉၄ ဘီလျံအထိ လျော့ချ နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပို့ကုန်တင်ပို့မှုမှာ အရင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၁၂ ဘီလျံအထိ တင်ပို့ခဲ့ပေမဲ့လည်း လက်ရှိဘဏ္ဍာမှာ အခုအချိန်အထိ ကန်ဒေါ်လာ ၁၄ဘီလျံအထိ တင်ပို့နိုင်ခဲ့ပြီးဖြစ်တယ်လို့ စီးကူးရဲ့စာရင်းတွေအရ သိရပါတယ်။ ဒါ့အပြင် ဥရောပသမဂ္ဂနဲ့ အမေရိကန်နိုင်ငံတို့မှ အထူးအကောက်ခွန် သက်သာခွင့် ( GSP) အခွင့်အရေးများ ပြန်လည် ရရှိခဲ့တဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်း အများအပြား ဖန်တီးပေးနိုင်ခဲ့ပြီး ချုပ်ပြီးအထည် တင်ပို့မှုမှာလည်း ကန်ဒေါ်လာ၂.၅ ဘီလျံအထိ စံချိန်တင် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

စီးကူးအနေနဲ့ အခုလို ကုန်သွယ်မှုလိုငွေကို လျော့ချနိုင်ပေမဲ့လည်း တစ်ဖက်မှာ ကုန်ပစ္စည်းတွေရဲ့ ဈေးကွက် ယှဉ်ပြိုင်နိုင်မှု အားနည်းတာ၊ ပစ္စည်းအရည်အသွေးတွေနိမ့်ကျနေတာ၊ Logistic Cost မှာလည်း ဒေသတွင်း နိုင်ငံတွေထက် အလွန်များနေတာ၊ လယ်ယာထွက်ကုန်တွေအတွက် မျိုးကောင်းမျိုးသန့်ရရှိဖို့ ခက်ခဲနေတာ၊ သိုလှောင်ရုံတွေ အရည် အသွေး နိမ့်ကျနေတာ စတဲ့စိန်ခေါ်မှုနဲ့ အခက်အခဲတွေကတော့ လက်ရှိအချိန်အထိ ဖြေရှင်းနိုင်မှု အားနည်းနေသေးတယ် လို့ စီးကူးရဲ့ တတိယ တစ်နှစ်တာ သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

လက်ရှိမှာတော့ စီးကူးအနေနဲ့ လက်ရှိအစိုးရကာလအတွင်းမှာ ပို့ကုန်တန်ဖိုးသုံးဆမြှင့်တင်နိုင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပြီး တစ်ဖက်မှာလည်း သွင်းကုန်အစားထိုးမှုကို ဆက်လက် လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1758-was-able-to-reduce-the-trade-deficit-of-nearly-two-billion-dollars.html

## တရုတ်နယ်စပ်မှ သဘာဝမြက်ဖျာများဝယ်ယူမှုများပြား ဝန်းသိုနယ်ထွက်မြက်ဖျာများ အရောင်းသွက်နေ

တရုတ်နယ်စပ်ဒေသများမှ ဈေးကောင်းပေးဝယ်ယူနေမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ညောင်ပင်သာအုပ်စု ကျေးရွာများတွင် ရက်လုပ်သော သဘာဝမြက်ဖျာများ အရောင်းသွက် ဈေးကောင်း ရနေကြောင်း ညောင်ပင်သာကျေးရွာဒေသခံ မြက်ဖျာရက်လုပ်သူ ဒေါ်ခင်ဆွေဦးက ပြောဆိုသည်။

ဝန်းသိုမြို့နယ်အတွင်း ကျေးရွာများတွင် ရက်လုပ်သည့် မြက်ဖျာများမှာ ဒေသတွင်း အလေ့ကျပေါက် မြက်ပင်များကို မိုးကုန်ရာသီတွင် ရိတ်သိမ်းအခြောက်လှန်း၍ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် ရက်လုပ် ရောင်းချခြင်း ဖြစ်သည်။

ယခင်ကာလများက ဝန်းသိုမြို့နယ်ဒေသထွက် မြက်ဖျာကို ပြည်တွင်းပြည်ပ ဈေးကွက်များက ဝယ်ယူမှု များပြားသည့်အတွက် မြက်ဖျာရက်လုပ် ရောင်းချသူများပြားခဲ့သော်လည်း ယခုအခါ ပြည်တွင်းဈေးကွက် တွင် ဆိုင်တင်ရောင်းဝယ်မှုနှင့် သုံးစွဲသူမရှိသလောက် ရှားပါးလာပြီး တရုတ်နယ်စပ်ဘက်မှ သဘာဝပစ္စည်း အဖြစ် ဝယ်ယူကြောင်း သိရသည်။

"မြက်ဖျာက ပြည်တွင်းဈေးကွက်မှာ ဝယ်ယူသုံးစွဲသူနည်းပါးတဲ့အတွက် ရက်လုပ်ရောင်းချသူလည်း နည်းပါးလာ ပါတယ်။ ဒါပေမဲ့ ဝန်းသိုမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုမှာတော့ မြက်ဖျာ ရက်လုပ်ရောင်းချသူ ၂၀ ဝန်းကျင် လောက်တော့ ရှိပါသေးတယ်။ ကချင်ပြည်နယ်ဘက်နဲ့ တရုတ်နယ်စပ် ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချ ပါတယ်" ဟု မြက်ဖျာရက်လုပ်ရောင်းချသူ ဒေသခံတစ်ဦးက ပြောဆိုသည်။

ဝန်းသိုနယ် ညောင်ပင်သာကျေးရွာ မြက်ဖျာရက်လုပ်ရောင်းချသူမှာ တစ်ရက်လျှင် မြက်ဖျာနှစ်ချပ်မှ သုံးချပ်အထိ ရက်လုပ်နိုင်ပြီး ယခုရက်ပိုင်း မြက်ဖျာတစ်ချပ်လျှင် ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး သဘာဝကိုချစ်မြတ်နိုးသူများ ဝယ် ယူသုံးစွဲကြကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/122098.html

## ရက်ပေါင်း ၉၀ ဆန်များ တစ်အိတ်လျှင် အခြေခံဈေးနှုန်းသတ်မှတ်၍ ဧပြီ ၈ ရက်မှစ၍ဝယ်ယူနိုင်

ဈေးကွက်အတွင်းမှ ရက် ၉၀ ဆန်များကို တစ်အိတ်လျှင် အခြေခံဈေးနှုန်းကျပ် ၁၉၅၀၀ ဖြင့် ဧပြီ ၈ ရက်မှ ဇွန်လအထိ ဝယ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောဆိုသည်။

"အခြေခံဈေး ဝယ်ပေးတာဖြစ်တဲ့အတွက် နောင်ဝယ်မယ့်သူတွေ အခုတော်တော်များများက ဈေးကွက်ကို ဒီထက် ကျဦးမယ်ဆိုပြီး နဂိုဆန်ဝယ်နေတဲ့ ဝယ်လက်တွေက ကျဖို့စောင့်နေတယ်။ မဝယ်ရဲဘူး။ သူတို့ဝယ်လိုက်လို့ရှိရင်လည်း ဒီထက်ပိုကျသွားရင် သူတို့အနေနဲ့ဆုံးရှုံးမှာ။ ဒါကြောင့် ဒီထက် ပိုမကျနိုင် တော့ဘူးဆိုတဲ့ မက်ဆေ့ချ်ကို ကျွန်တော်တို့က ပေးချင်တာ။ အခုလိုမျိုး မက်ဆေ့ချ်ပေးလိုက်တဲ့အတွက် နဂိုက မဝယ်တဲ့သူတွေလည်း ငွေကျပ် ၁၉၅၀၀ လို့ အသင်းကပြောလိုက်ပြီဆိုရင် ဒီထက်လည်းကျစရာမရှိ တော့ဘူးဆိုရင် ဈေးကွက်ထဲ ဝယ်လိုအား တက်လာမယ်။ နိုင်ငံတော်ကိုလည်း အကြိမ်ကြိမ်အခြေခံဈေး သတ်မှတ်တဲ့အခါ အစိုးရအနေနဲ့ ဈေးသိပ်ကျတဲ့အခါမှာ ထွက်ပြီး ပိုက်ဆံထုတ်ပြီး ရက်တိုချေးငွေ၊ ဘဏ်တွေနဲ့ သက်ဆိုင်ရာ ဆန်လုပ်ငန်းရှင်တွေကို ချေးငွေပေးပြီး ဝယ်ဖို့ဆိုတဲ့အစီအမံတွေလည်း တင်ပြ ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်က လုပ်ရမယ့်အချိန်ကို စောင့်နေရင် လက်ရှိက

ဆန်တွေပေါ်နေပြီ။ ဈေးကွက်ထဲမှာ ပစ္စည်းတွေလည်း လှိုင်လှိုင်ဝင်နေပြီ။ ဝယ်သူမရှိဘူးဆိုရင် ဒီဈေးကွက်က ကျသင့်တာထက်ပိုကျသွားမယ်။ အချို့ဆိုရင် သူများနိုင်ငံထက် ကိုယ့်နိုင်ငံက ဈေးတွေက တစ်တန်ကို ဒေါ်လာ ၄၀၊ ၅၀၊ ၆၀၊ ၇၀ နိမ့်ပြီး ဝယ်တဲ့အခါမှာ နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင်လည်း နစ်နာတယ်"ဟု ဦးအောင်သန်းဦးက ပြောဆိုသည်။

အဆိုပါရက် ၉၀ ဆန်လုံးရှည်များကို တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ(EU)နိုင်ငံများသို့ တင်ပို့လျက်ရှိရာ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်၌ တရားမဝင် ကုန်စည်ဖမ်းဆီးရေးစီမံချက်များ လုပ်ဆောင်နေသောကြောင့် တရုတ်ကုန်သည်များ ဆန်အဝယ် ရပ်တန့်နေကြောင်း သိရသည်။

ထို့ပြင် EU ကလည်း ယင်းအဖွဲ့ဝင်နိုင်ငံများမှ ဆန်စိုက်ပျိုးထုတ်လုပ်သူများ၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရန်အတွက် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းသော ဆန်လုံးရှည်အမျိုးအစားကို ဇန်နဝါရီ ၁၈ ရက်မှစ၍ သုံးနှစ်အခွန်ကောက်ခံရန် ဥရောပသမဂ္ဂက ဆုံးဖြတ်ခဲ့ပြီး ပထမနှစ်၌ ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ယူရို ၁၅၀၊ တတိယနှစ်၌ ၁၂၅ ယူရိုဖြင့် နှစ်အလိုက် အသီးသီးကောက်ခံခဲ့သောကြောင့် တင်ပို့မှုနည်းပါးကြောင်း သိရသည်။

လက်ရှိရက် ၉၀ ဆန်မှာ ပြီးခဲ့သည့်နှစ်က တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀ ခန့်ရှိခဲ့ပြီး ယခုနှစ်တွင် ဈေးကွက်အတွင်း ပြည်တွင်းပြည်ပ ဝယ်ယူမှုကျဆင်းနေသောကြောင့် ရက် ၉၀ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ အထိ ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါဈေးကွက်အတွင်း ဝယ်လက်ပျောက်နေသည့် ရက် ၉၀ ဆန်သား အစိုဓာတ် ၁၄ ဒသမ ၅ ပါဝင်သည့် ဆန်များကို တစ်အိတ်လျှင် အခြေခံဈေးနှုန်း ငွေကျပ် ၁၉၅၀၀ ဖြင့် ဧပြီ ၈ ရက်မှစ၍ လာမည့်ဇွန်လအထိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ရန်ပုံငွေ အပါအဝင် အသင်းသားများ၏ထည့်ဝင်ငွေများဖြင့် ဝယ်ယူပေးသွားမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/122102.html

## STOCK EXCHANGE (8.4.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 303 | 2,633,800 | 27,112,747 | 235,881 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 2,393 | 6,870,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 277 | 1,966,900 | 10,400,986 | 73,847 |
| FPB | 00004 | 20,000 | -500 | -2.44% | 20,500 | 20,500 | 20,000 | 644 | 12,979,500 | 2,472,053 | 49,441 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 3 | 7,800 | 12,212,906 | 31,754 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.03 | -0.69 | -0.19% | 369.27 | 369.27 | 369.03 | 3,620 | 24,458,050 | 5 | 503,818 |


**Index chart**




# Market Overview

As of 1:00 pm, 8th Apr. 2019

| MYANPIX | 369.03 ▼ 0.69 |
|---|---|
| Total Volume (shares) | 3,620 |
| Total Value (MMK) | 24 mil |
| Listed Company | 5 |
| Market Cap. (MMK) | 503,818 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,100 | ▼ 100 |
| FPB | 00004 | 20,000 | ▼ 500 |
| TMH | 00005 | 2,600 | ▼ 50 |

TII